# ကချင်ဒေသတွင် အပြင်းအထန်ထိုးစစ်ဆင်တိုက်ခိုက်နေမှုများအား ချက်ချင်းရပ်ဆိုင်းပေးရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးပါရန် ကချင်အမျိုးသမီးများငြိမ်းချမ်းရေးဖိုရမ်မှ တောင်းဆိုကြေညာချက်

နေ့စွဲ။ ။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ နှင့် ၂၉ ရက်နေ့၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ City Park Royal စားသောက်ဆိုင်တွင် ကချင်အမျိုးသမီးများငြိမ်းချမ်းရေးဖိုရမ်ကို (၂) ရက်တာ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဖိုရမ်သို့ လက်ရှိ စစ်မက်ပဋိပက္ခများဖြစ်ပွားနေဆဲဖြစ် သည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများမှ အမျိုးသမီးခေါင်းဆောင် များနှင့် စစ်ဘေးရှောင်စခန်းများမှ အမျိုးသမီးကိုယ်စားလှယ်များ စုစုပေါင်း (၁၁၀) ဦး တက်ရောက်ခဲ့ပြီး အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေး ခဲ့ပါသည်။

အဆိုပါဖိုရမ်ကို -

- လက်ရှိနိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်ခွင့်တိုးတက်စေရန်၊
- နိုင်ငံတော်အဆင့် (ပြည်တွင်း)၊ နိုင်ငံတကာအဆင့် (ပြည်ပ) တွင် အမျိုးသမီးအခွင့်အရေးနှင့်ပတ်သက်၍ လုပ်ဆောင်နေသော လူ့အခွင့်အရေးအစီရင်ခံစာ (UPR) နှင့် ပတ်သက်၍ အကြံပြုချက်များ၊ စီဒေါကော်မတီမှ သုံးသပ်အကြံပြုချက်များကို ဝေမျှ ဖလှယ်နိုင်ရန်၊
- ဒေသဆိုင်ရာအဆင့်မှ နိုင်ငံတကာအဆင့်အထိ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုး တက်ရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် လုပ်ဆောင်နေကြသော အမျိုးသမီးအဖွဲ့ အစည်း/ကွန်ရက်များအချင်းချင်း ထိရောက်စွာ ချိတ်ဆက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

(၂) ရက်တာအတွင်း အမျိုးသမီးများ၏နေ့စဉ်ဘဝနှင့် တိုက်ရိုက်သက်ဆိုင်သော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး၊ မြေယာသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်၊ အမျိုးသမီး များအပေါ်အကြမ်းဖက်မှုကျား၊ မ ရေးရာ လူမှုစံနှုန်းများနှင့် ပတ်သက်၍ ကြုံတွေ့နေရ သည့် အခက်အခဲ၊ စိန်ခေါ်မှုများနှင့် ကျော်လွှားနိုင်မည့်နည်းလမ်းများ၊ ၎င်းတို့ကို ထိ ရောက်စွာ ကိုင်တွယ်ဖြေရှင်းပေးနိုင်မည့် မူဝါဒများ၊ ဥပဒေများ ဖြစ်ပေါ်လာစေရန်နှင့် ကွန်ရက်ချိတ်ဆက်၍ တိုက်တွန်းလှုံ့ဆော်နိုင်ရန် စုပေါင်းဆက်သွယ်ဖြေရှင်းနိုင်မည့် နည်းဗျူဟာတို့ကို ဖော်ထုတ်ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့ ဖော်ထုတ်ဆွေးနွေးကြရာတွင် အမျိုးသမီးများအတွက် လက်ရှိကြုံတွေ့နေရသည့် စိန်ခေါ်မှုအခက်အခဲများထဲမှ အကြီးမားဆုံးနှင့် ချက်ချင်းလုပ်ဆောင်ရန် လိုအပ်လျက် ရှိသည်မှာ စစ်ပွဲများအမြန်ဆုံးရပ်တန့်ရေးနှင့် လက်တွေ့ကျ၍ အားလုံးပါဝင်မှုရှိသော ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရေးဖြစ်သည်ဟု ဖိုရမ်သို့ တက်ရောက်သော အမျိုးသမီးခေါင်းဆောင်များအားလုံးက တခဲနက်ထောက်ခံ သုံးသပ်ရှုမြင်သည်။
မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအစီရင်ခံစာ (UPR) နှင့် စီဒေါကော်မတီ၏ သုံးသပ်အကြံ ပြုချက်များထဲတွင် အထူးပြုပါဝင်သော အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခွင့်အရေးကို နိုင်ငံတော်အစိုးရအနေဖြင့်

အပြည့်အဝ ကာကွယ်စောင့်ရှောက်ပေးရန်၊ အမျိုးသမီးများနှင့် ပြည်သူများအတွက် လုံခြုံမှုရှိသော အခြေအနေများကို ဖန်တီးလုပ်ဆောင်ပေးရန်၊ စစ်မက်ပဋိပက္ခဖြစ်ပွားရာဒေသများတွင် အထူးသဖြင့် အရပ်သားပြည်သူများအား ထိခိုက်မှုမရှိစေရန် အကာအကွယ်ပေးရန်နှင့် လိုအပ်သော လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ထောက်ပံ့ပေးရန် အကြံပြုတိုက်တွန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှု မရှိသလောက် အားနည်းနေသေးကြောင်း ထောက်ပြဆွေးနွေးခဲ့ကြသည်။

ဖိုရမ်ကျင်းပနေစဉ် (၂) ရက်တာအတွင်း အမျိုးသမီးခေါင်းဆောင်များအနေဖြင့် အထူး စိုးရိမ်ပူပန်လျက် တင်ပြဆွေးနွေးကြသည်မှာ -

၁။ ၂၁ ရာစုပင်လုံ၊ ငြိမ်းချမ်းရေးညီလာခံမကျင်းပမီ ရက်ပိုင်းအလိုခန့် (ဩဂုတ်လ ၁၇ ရက်) ကတည်းကစတင်၍ ယခုအချိန်အထိ ရက် (၄၀) ခန့်ပင်ကြာမြင့်နေပြီဖြစ်သော ကချင်ဒေသအတွင်း မြန်မာ့တပ်မတော်မှ တပ်မတော်တိုက်လေယာဉ်များ၊ လက်နက်ကြီး မော်တာများအသုံးပြု၍ အပြင်းအထန် ထိုးစစ်ဆင်နေမှုများသည် စစ်ဘေးရှောင်စခန်းနေ အပြစ်မဲ့ပြည်သူများနှင့် ရပ်ရွာပြည်သူလူထုတစ်ရပ်လုံးအား စိုးရိမ်ပူပန်သောကကြီးစွာ ဖြစ်စေပါသည်။ (အထူးသဖြင့် စက်တင်ဘာ လ ၂၈ ရက်နေ့တွင် အဆိုးဆုံးဖြစ်ခဲ့သည်။)

၂။ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် စစ်ဘေးရှောင်ဒုက္ခသည်စခန်းများနှင့် အလွန် နီးကပ်သည့်နေရာများအထိ ပေါက်ကွဲမှုများဖြစ်ပွားနေခြင်း၊ လူနေကျေးရွာများအတွင်း ပစ်ခတ်ခြင်းများကြောင့် ကလေးငယ်များနှင့် အရပ်သားပြည်သူများ သေကြေဒဏ်ရာ ရခြင်း၊ ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများ နေ့စဉ်ရက်ဆက် ဆိုသလို ကြောက်ရွံ့ထိတ်လန့်နေရပြီး စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုမရှိသည့် အခြေအနေဖြင့် ရင်ဆိုင်နေရပါသည်။ (စက်တင်ဘာလ ၂၅ ရက်နေ့တွင် မုန်လိုင်ခက် စခန်းနှင့် ဝယ်ကျိုင်စခန်းအနီး သို့ နံနက် ၅ နာရီခွဲအချိန်ခန့်တွင် ၈၁ မမရီ လက်နက်ကြီး မော်တာဗုံးဆန် ၃ ခုကျရောက် ပေါက်ကွဲခြင်း၊ စက်တင်ဘာလ ၂၈ ရက်နေ့ ပြင်းထန်သော ထိုးစစ်ဆင်မှုများနှင့် အနီးဆုံး တွင် (၄) မိုင်ခန့်အကွာတွင်ရှိနေသည့် မဂ္ဂါယန်စခန်း၊ **အောက်တိုဘာလ ၁ ရက်နေ့ နံနက် ၆ နာရီအချိန်တွင် မုံးကိုးမြို့.နယ်၊ ပူဝမ်ကျေးရွာ အတွင်းသို့ ပစ်ခတ်ခြင်းကြောင့် အသက် (၆) နှစ်၊ (၅) နှစ်နှင့် (၂) နှစ်အရွယ် ကလေး သူငယ် ၃ ဦး အပြင်းအထန်ဒဏ်ရာရပြီး (၂) နှစ်အရွယ်မှာ ဒဏ်ရာဖြင့်သေဆုံး၊ အခြား ကလေး ၂ ဦး၏ အခြေအနေမှာလည်း အထူးစိုးရိမ်နေရပါသည်။)**

၃။ ထို့အပြင် စစ်ဘေးရှောင်အပြစ်မဲ့ပြည်သူများအတွက် လူသားချင်းစာနာထောက် ထားမှု အကူအညီအထောက်အပံ့များကို လိုအပ်ချက်ရှိသည်အတိုင်းပေးပို့နိုင်ရန် ခွင့်ပြုချက် အဆင့်ဆင့် တောင်းခံနေရခြင်းနှင့် နှောင့်နှေးကြန့်ကြာမှုများကြောင့် စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် အခြားအခြေခံလိုအပ်ချက်များ အချိန်မီမရရှိပဲ ဖြစ်နေရပါသည်။ တိုက်ပွဲများ ဖြစ်ပွားချိန်ကြာမြင့်နေသည်နှင့်အမျှ ထိုသို့သော လူသားချင်းစာနာမှု အထောက်အပံ့များ ကို ကန့်သတ်ထိန်းချုပ်ထားခြင်းသည် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု အခြေခံလိုက်နာရမည့်ကျင့်ဝတ်များကို လေးစားလိုက်နာမှုမရှိပဲ ချိုးဖောက်ရာရောက်ပါ သည်။ (ဥပမာ - ပြည်နယ်အစိုးရမှ ခွင့်ပြုချက်ဖြင့်သာ စစ်ဘေးရှောင်စခန်းများသို့ ထောက်ပံ့ကူညီရန်

ထုတ်ပြန်ကြေညာထားခြင်း၊ မန်ဝိန်းကြီးစခန်းသို့ WFP မှ ပေးပို့သော ရိက္ခာဆန်သယ်ပို့ပေးရန် တပ်မတော်မှ ခွင့်မပြုခြင်း၊ UNOCHA မှ ပေးပို့သော ဆေးဝါးများ ကို သိမ်းယူလိုက်ခြင်း)

သို့ဖြစ်ပါ၍ ကချင်ဒေသအား မြန်မာ့တပ်မတော်မှ ပြင်းထန်စွာထိုးစစ်ဆင်တိုက်ခိုက်နေမှု များအား ချက်ချင်း ရပ်တန့်ပေးပါရန်၊ စစ်ဘေးရှောင်စခန်းမှ အပြစ်မဲ့ပြည်သူများအတွက် အရေးတကြီးလိုအပ်လျက်ရှိသော လူသားချင်းစာနာထောက်ထားမှု အကူအညီများကို မည်သည့် အကြောင်းပြချက်နှင့်မျှ နှောင့်နှေးကြန့်ကြာခြင်းမရှိပဲ ထောက်ပံ့ကူညီဆောင် ရွက်ပေးပါရန်၊ လက်ရှိချမှတ်ဆောင်ရွက်လျက်ရှိသော ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် များနှင့်အညီ အကောင်အထည်ပေါ်စေရေးအတွက် မြန်မာ့တပ်မတော်အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများမှ လိုက်နာဆောင်ရွက်မှုရှိစေရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးပါရန် အမျိုးသမီးငြိမ်းချမ်းရေးနိုဗယ်ဆုရှင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံတော်သမ္မတ၊ ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စု လွှတ်တော်၊ ကချင်ပြည် နယ်ဝန်ကြီးချုပ် နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ကချင်ပြည်နယ် လွှတ်တော်တို့အား တောင်းဆိုတင်ပြအပ်ပါသည်။

ထို့အပြင် ငြိမ်းချမ်းရေးအတွက် အဘက်ဘက်မှ ပံ့ပိုးပေးနေကြသော နိုင်ငံတကာအစိုးရ များနှင့် အလှူရှင်များ၊ ငြိမ်းချမ်းရေးကော်မရှင်၊ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့တို့မှနေ၍ လက်ရှိဖြစ်ပွားနေသော တိုက်ပွဲများအား အမြန်ဆုံးရပ်တန့် စေရေး၊ အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုရှိရေးနှင့် လူသားချင်း စာနာထောက်ထားမှုအကူအညီများကို အကန့်အသတ်မရှိ ထောက်ပံ့ပေးနိုင်ရေးအတွက် မိမိတို့တတ်နိုင်သည့်ဘက်မှ အမြန်ဆုံး ညှိနှိုင်းဆောင်ရွက်ပေးပါရန် ကချင်အမျိုးသမီးထု အနေဖြင့် အထူးမေတ္တာရပ်ခံ တောင်းဆိုအပ်ပါသည်။

တက်ရောက်ကြသည့် အမျိုးသမီးခေါင်းဆောင်များမှာ ကချင်နှင့် ရှမ်းမြောက်ဒေသ (၁၆) ခုမှ၊ အမျိုးသမီးအဖွဲ့အစည်း/ကွန်ရက် (၃၁) ခုကို ကိုယ်စားပြုသူစုစုပေါင်း (၁၁၁)ဦး ဖြစ်ပါသည်။ တက်ရောက်သည့်အမျိုးသမီးအဖွဲ့အစည်း/ကွန်ရက်များကို ပူးတွဲပေးပို့အပ်ပါသည်။

1. ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမျိုးသမီး - ၂ ဦး
2. ကချင်အမျိုးသားအတိုင်ပင်ခံအဖွဲ့ - ၂ ဦး
3. ကချင်အမျိုးသမီးသမဂ္ဂ - ၄ ဦး
4. ကချင်အမျိုးသမီးအစည်းအရုံး၊ ထိုင်းနိုင်ငံ - ၁ ဦး
5. ကချင်အမျိုးသမီးအစည်းအရုံး၊ ထိုင်းနိုင်ငံ (မြစ်ကြီးနား) - ၉ ဦး
6. ကချင်အမျိုးသမီးအစည်းအရုံး၊ ထိုင်းနိုင်ငံ (မူဆယ်) - ၂ ဦး
7. ကချင်အမျိုးသမီးအဖွဲ့ (ဆဒုံး) - ၁ ဦး
8. ကချင်အမျိုးသမီးအဖွဲ့ (လိုင်ဇာ) – ၂ ဦး
9. ကချင်အမျိုးသမီးအဖွဲ့ (မိုင်ဂျာယန်) - ၂ ဦး
10. ကချင်အမျိုးသမီးအဖွဲ့ (ဖားကန့်) - ၁ ဦး
11. ကချင်အမျိုးသမီးအဖွဲ့ (တနိုင်း) - ၁ ဦး
12. ကချင်အမျိုးသမီးများငြိမ်းချမ်းရေးကွန်ရက် - ၄ ဦး

13. ကချင်ငြိမ်းချမ်းရေးကွန်ရက် - ၁ ဦး
14. ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (အမျိုးသမီးဌာန) – ၁၃ ဦး
15. မြန်မာနိုင်ငံ အသင်းတော်များကောင်စီ (အမျိုးသမီးဌာန) – ၃ ဦး
16. လွတ်လပ်သောခရစ်ယာန်အမျိုးသမီးများအဖွဲ့ (ICM) - ၂ ဦး
17. မြစ်ကြီးနားဖုံနယ် ကချင်နှစ်ခြင်းခရစ်ယာန်အမျိုးသမီးများအဖွဲ့ - ၅ ဦး
18. အင်္ဂလီကန်အသင်းတော် အမျိုးသမီးများအဖွဲ့ - ၂ ဦး
19. ကက်သလစ်အသင်းတော် အမျိုးသမီးများအဖွဲ့ - ၂ ဦး
20. လော်ဝေါ်နှစ်ခြင်းအမျိုးသမီးများအဖွဲ့ - ၂ ဦး
21. လီဆူနှစ်ခြင်းအမျိုးသမီးများအဖွဲ့ - ၂ ဦး
22. မုံးမောဂ်ဖုံနယ် ကချင်နှစ်ခြင်းနယ်အသင်းတော်များအဖွဲ့ အမျိုးသမီးဌာန - ၅ ဦး
23. ရှမ်းမြောက် ကချင်နှစ်ခြင်းနယ်အသင်းတော်များအဖွဲ့ အမျိုးသမီးဌာန - ၂ ဦး
24. ကွတ်ခိုင်ဖုံနယ် ကချင်နှစ်ခြင်းနယ်အသင်းတော်များအဖွဲ့ အမျိုးသမီးဌာန - ၃ ဦး
25. ရှမ်းမြောက် ကချင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ချုပ် အမျိုးသမီးဌာန - ၁ ဦး
26. ထိန်နိုင်ဖုံနယ် ကချင်နှစ်ခြင်းနယ်အသင်းတော်များအဖွဲ့ အမျိုးသမီးဌာန - ၂ ဦး
27. ချီဖွေဖုံနယ် ကချင်နှစ်ခြင်းနယ်အသင်းတော်များအဖွဲ့ အမျိုးသမီးဌာန - ၁ ဦး
28. ပူတာအိုဖုံနယ် ကချင်နှစ်ခြင်းနယ်အသင်းတော်များအဖွဲ့ အမျိုးသမီးဌာန - ၁ ဦး
29. ဗန်းမော်ဖုံနယ် ကချင်နှစ်ခြင်းနယ်အသင်းတော်များအဖွဲ့ အမျိုးသမီးဌာန - ၁ ဦး
30. တသီးပုဂ္ဂလ Individual – ၁ ဦး
31. LCC လယ်ကုန်းအမျိုးသမီးများအဖွဲ့ - ၁ ဦး
32. KLCC အမျိုးသမီးများအဖွဲ့ - ၁ ဦး
33. Htoi Gender and Development Foundation - ၅ ဦး
34. Wunpawng Myusha Zinlum (Hpakant) - ၁၂ ဦး
35. A Myushayi Zinlum (Myitkyina) – ၅ ဦး
36. Kachin Legal Aids Network(Shingnip) – ၂ ဦး
37. Kachin Lawyer Network (Northern Shan State) - ၁ ဦး
38. Wunpawng Ninghtoi - ၂ ဦး
39. Alliance for Gender Inclusion in the Peace Process - ၁ ဦး

အသေးစိတ်သိလိုပါက ဆက်သွယ်ရန် -

ဆိုင်းဇင် (ကချင်အမျိုးသမီးအစည်းအရုံး၊ ထိုင်းနိုင်ငံ) - ၀၉ ၂၅၀၇၉ ၀၃၂၈
ကိုင်ရာ (Myusha Zinlum, Hpakant) - ၀၉ ၄၇၀၃၅၃၅၉
မေစပယ်ဖြူ (ခ) အယ်လ်ခေါန်ထွယ်
(ကချင်အမျိုးသမီးများငြိမ်းချမ်းရေးကွန်ရက်) - ၀၉ ၇၈၈၇၉ ၈၀၅၃